အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများသဟဇာတဖြစ်ရေး
လုပ်ငန်းကော်မတီ၏ အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းစီမံချက် (မူကြမ်း)ကြေညာချက်
နှင့် စပ်လျဉ်း၍ ကယား(ကရင်နီ)ပြည်ရှိလူထုအခြေပြု အရပ်ဘက်လူမှုအသင်းအဖွဲ့များ၏
သဘောထားရပ်တည်ချက်ထုတ်ပြန်ခြင်း။

ရက်စွဲ။ ။ ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ (၈) ရက်။

အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများသဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ၏ ၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လ(၁၇)ရက်နေ့ပါ အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းစီမံချက်(မူကြမ်း)နှင့်စပ်လျဉ်း၍ ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့ နောက်ဆုံးထား၍ အကြံပြုချက်ပေးပို့နိုင်ကြောင်းအသိပေးကြေညာချက်နှင့် ပတ်သက်၍ ကယား(ကရင်နီ) ပြည်ရှိလူထုအခြေပြု အရပ်ဘက်လူမှုအသင်းအဖွဲ့များ၏ သဘောထားရပ်တည်ချက်ကို အောက်ပါအတိုင်းထုတ်ပြန်လိုက်သည်။

၁။ အမျိုးသားမြေဥပဒေသည် မြန်မာနိုင်ငံရှိနိုင်ငံသားများ၊ အခြေခံတောင်သူလယ်သမားများ၊ ဒေသခံဌာနေတိုင်းရင်းသားများ၊ မြေယာအခြေပြုအသက်မွေးဝမ်းကျောင်းပြုနေသောသူများနှင့် အခြေခံလူထုလူတန်းစားများ၏ မြေပိုင်ဆိုင်ခွင့်၊ မြေစီမံခန့်ခွဲခွင့်နှင့် မြေယာအခွင့်အရေးဆိုင်ရာလုံခြုံမှုအတွက် စစ်မှန်သောအကာအကွယ်ပေးနိုင်မှုအတွက် အလွန်အရေးကြီးသည့် ဥပဒေတစ်ရပ်ဖြစ်ရမည်ဟု သုံးသပ်ပါသည်။

၂။ အမျိုးသားမြေအသုံးချမှုမူဝါဒကို လမ်းညွှန်အဖြစ်အသုံးပြု၍ အမျိုးသားမြေဥပဒေသစ်ကို ရေးဆွဲပြဋ္ဌာန်းရမည်ဟုဖော်ပြထားသော်လည်းအမျိုးသားမြေဥပဒေသည် မြေနှင့်ဆက်စပ်သော ဥပဒေများအားလုံးကိုလွှမ်းခြုံမှုရှိသည့် မိခင်မြေဥပဒေတစ်ရပ်ဖြစ်သောကြောင့် အမျိုးသားမြေဥပဒေတစ်ရပ် ပေါ်ထွက်လာစေရန် လုပ်ဆောင်နေမှုဖြစ်စဉ်များအားလုံးကို ပွင့်လင်းမြင်သာစွာနှင့် အများပြည်သူများကျယ်ကျယ်ပြန့်ပြန့်ပါဝင်နိုင်ခွင့်ဖြင့် ဦးစွာပြန်လည်စိစစ်ဆန်းစစ်ရန် လိုအပ်သည်။

၃။ အမျိုးသားမြေဥပဒေရေးဆွဲခြင်းဆက်လက်မဆောင်ရွက်မီ ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလတွင် အတည်ပြုလိုက်သောအမျိုးသားမြေအသုံးချမှုမူဝါဒ၏ လက်ရှိတည်ရှိမှု၊ လွှမ်းခြုံနိုင်မှုနှင့် သဟဇာတဖြစ်မှုများကိုပြန်လည်စိစစ်သုံးသပ်ခြင်း၊ ပိုမိုကောင်းမွန်အောင်လုပ်ဆောင်ခြင်းများကို ဦးစွာလုပ်ဆောင်ရန်လိုအပ်ပါသည်။ အခြေခံအားဖြင့် မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ၏ ပြည်ထောင်စုသဘောတူညီချက်ပါ အချက်များအပြင် နိုင်ငံတကာရှိမြေ၊ အရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံနှုန်းများ၊ လူ့အခွင့်အရေးဆိုင်ရာစံချိန်စံနှုန်းများတို့ဖြင့် ပြန်လည်ချိန်ထိုးရန် လိုအပ်သည်။

၄။ အမျိုးသားမြေဥပဒေပေါ်ထွက်လာနိုင်စေရန်အတွက် လုပ်ငန်းကော်မတီများဖွဲ့စည်းခြင်း၊ လုပ်ငန်းအဖွဲ့ငယ်များဖွဲ့စည်းခြင်းနှင့် ၎င်းတို့၏ လုပ်ပိုင်ခွင့်တာဝန်များကိုသတ်မှတ်ခြင်းနှင့် ၎င်းတို့၏ပါဝင်မှုနှင့် စပ်လျဉ်း၍ စစ်မှန်သောကိုယ်စားပြုမှု၊ လွတ်လပ်မှု၊ စွမ်းဆောင်နိုင်မှု၊ လွှမ်းခြုံနိုင်မှုတို့နှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ရမည် ဖြစ်ပါသည်။ ၂၀၁၆ခုနှစ် အမျိုးသား

မြေအသုံးချမှုမူဝါဒအရသော်လည်းကောင်း၊ ဤမူဝါဒအရ တည်ဆောက်ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊ အမျိုးသားမြေအသုံးချမှုကောင်စီနှင့် အခြားသောလုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့ငယ်များနှင့် ၎င်းတို့၏လုပ်ဆောင်မှုများသည် ဗဟိုချုပ်ကိုင်မှုအပြည့်အဝရှိသော ဖွဲ့စည်းပုံများဖြင့်အခိုင်အမာတည်ဆောက်ထားသည်ကိုတွေ့ရှိသုံးသပ်မိပါသည်။ ထို့ကြောင့် အမှတ်စဉ်(၁)တွင်ဖော်ပြထားသောသက်ဆိုင်သူအားလုံး၏ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်မည့် စစ်မှန်သောအမျိုးသားမြေဥပဒေတစ်ရပ် ပေါ်ထွက်လာရန် အတွက် လုံး၀ အယုံအကြည်နှင့် အာမခံချက် မရှိပါ။

၅။ ၂၀၁၆ခုနှစ် အမျိုးသားမြေအသုံးချမှုမူဝါဒအရသော်လည်းကောင်း၊ လက်ရှိတည်ဆဲမြေယာ စီမံခန့်ခွဲမှုဆိုင်ရာဥပဒေများအားလုံးတွင်သော်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးစုများ၊ မျိုးနွယ်စုများသို့မဟုတ် ဌာနေတိုင်းရင်းသားများ၏ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှု၊မြေ၊ သဘာ၀အရင်းအမြစ်နှင့် ပိုင်နက်နယ်မြေများပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲခွင့်များနှင့် ဆုံးဖြတ်ချက် ချခွင့်များနှင့်စပ်လျဉ်း၍ ခိုင်မာတိကျသောပြဌာန်းချက်များ၊ အသိအမှတ်ပြုလေးစား လိုက်နာအကောင်အထည်ဖော်ခြင်းနှင့် အကာအကွယ်ပေးမှုများကင်းမဲ့လျက်ရှိနေပါသည်။ ထို့ပြင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-၂၁ ရာစုပင်လုံဆွေးနွေးပွဲတွင် သဘောတူ လက်မှတ်ရေးထိုးထားသော ပြည်ထောင်စုသဘောတူညီချက်နှင့် မြေယာနှင့် သဘာ၀ ပတ်၀န်းကျင်ကဏ္ဍပါ သဘောတူညီချက်များသည်လည်းတစ်နိုင်ငံလုံးသို့ လွှမ်းခြုံမှုအရ သော်လည်းကောင်း၊ ဒေသခံပြည်သူများနှင့် ဌာနေတိုင်းရင်းသားများ၏ မြေယာအခွင့် အရေးဆိုင်ရာအကာအကွယ်ပေးမှုနှင့် အသိအမှတ်ပြုမှုအရသော်လည်းကောင်း ခိုင်မာ အားကောင်းမှုမရှိခြင်းတို့ကြောင့် လက်ရှိအမျိုးသားမြေဥပဒေသစ်တစ်ရပ် ပေါ်ထွက် လာစေရန် လုပ်ဆောင်နေမှုဖြစ်စဉ်များအပေါ်တွင် အယုံအကြည် ကင်းမဲ့စေပါသည်။

၆။ အထူးသဖြင့် နိုင်ငံ၏အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စစ်မှန်သော ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စုတည်ဆောက်ရေးဖြစ်စဉ်ကာလတွင် အမျိုးသားမြေဥပဒေရေးဆွဲခြင်းကဲ့သို့ သောထိလွယ်၊ ရှလွယ်သောလုပ်ဆောင်မှုများကို သတိကြီးစွာဖြင့် ဆောင်ရွက်ရန် လိုအပ် သည်။ သို့မဟုတ်ပါကထိုဖြစ်စဉ်များအပေါ်သို့ ကြီးမားသောဆိုးကျိုးသက်ရောက်မှုများကို ဖြစ်စေနိုင်သည်သာမက ပြဿနာသစ်တစ်ရပ်ထပ်မံဖြစ်ပေါ်လာစေရန် ဖန်တီးနေခြင်း ဖြစ်သည်။

၇။ ထို့ကြောင့် စစ်မှန်သောဖက်ဒရယ်ဒီမိုကရက်တစ်ပြည်ထောင်စုတည်ဆောက်မှုနှင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုကိုဦးစားပေးဆောင်ရွက်နိုင်ရန်အတွက် ပါ၀င်ပတ်သက်သူများအားလုံး ပါ၀င်သည့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ သဘောတူညီမှုပြုလုပ်ခြင်းနှင့် အကောင် အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်သည်။ ထို့မှသာ စစ်မှန်သောဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စုတည်ဆောက်မှုဖြစ်စဉ်နှင့် ဖက်ဒရယ်မြေယာအုပ်ချုပ်စီမံမှုကိုဦးတည်သည့် စစ်မှန်သည့် မြေယာကဏ္ဍပြုပြင်ပြောင်းလဲမှုများကို တဆင့်ချင်း ဦးတည်လုပ်ဆောင် သွားနိုင်မည် ဖြစ်သည်။

# သဘောထားရပ်တည်ချက် ထုတ်ပြန်ရာတွင် ပါဝင်သော ကယား(ကရင်နီ)ပြည်ရှိ လူထုအခြေပြု အရပ်ဘက်လူမှုအသင်းအဖွဲ့များ

၁။ Progressive Karenni People Force (PKPF)

၂။ Union of Karenni State Youth (UKSY)
- Karenni National Youth Organization (KNYO)
- Karenni State Student Union (KSSU)
- Kayan Women Organization (KyWO)
- Kayan New Generation Youth (KNGY)

၃။ Karenni State Ethnic Youth Steering Committee

၄။ Karenni Civil Society Network (KCSN)
- Karenni Ever Green (KEG)
- Karenni Social Welfare Development Center (KSWDC)
- Karenni Mobil Health Committee (KnMHC)
- Karenni Development Research Group (KDRG)
- Karenni Student Union (KSU)
- Karenni National Youth Organization (KNYO)
- Karenni Education Department (KnED)
- Karenni National Women Organization (KNWO)
- Karenni Legal and Human Right Center (KLHRC)
- Karenni Refugee Committee (KnRC)
- Karenni Literacy and Culture Development Committee (KLCDC)

၅။ Kayah Earthrights Action Network (KEAN)

၆။ Myamar Alliance for Transparency and Accountability (Karenni-MATA)

၇။ Local Development Network (LDN)

၈။ Mizzima Hnalone Thar Youth (Loikaw)

၉။ Karenni State Farmer Union (KSFU)

၁၀။ LAIN Technical Supporting Group

၁၁။ Mawduklarmar Social Development Association (MSDA)

၁၂။ Women for Women Foundation (WWF)

၁၃။ Karenni Human Rights Group (KnHRG)

၁၄။ Future Women Association (FWA)

၁၅။ Kayah Baptist Association, Christian Social Service and Development Department (KBA-CSSDD)

၁၆။ Kayah Liphu Youth (KLY)

၁၇။ Kawyaw Youth (KYY)

၁၈။ Kayaw Youth Organization (KYO)

၁၉။ Yintaleh Youth (YY)

၂၀။ New Generation Youth of Karen (Karenni State)

၂၁။ Karenni Mega-Investment Watch (KMIW)

၂၂။ Karenni Land Policy Developing Committee (KLPDC)

၂၃။ Karenni State Youth Network (KSYN)

၂၄။ Karuna Mission Social Solidarity-Loikaw (KMSS-Loikaw)